# အမျိုးသမီးများ အကြမ်းဖက်ခံရမှုမှ ကင်းဝေးစွာ နေထိုင်နိုင်ခွင့်ရှိရမည်။

UNFPA

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ UNFPA သည် ကိုယ်ဝန်ဆောင်မိခင်တိုင်း ကျန်းမာပျော်ရွှင်စွာ၊ အန္တရာယ်ကင်းစွာမွေးဖွားနိုင်ရေးနှင့် လူငယ်တိုင်း မိမိစွမ်းရည်ရှိသလောက် ဆောင်ရွက်စေနိုင်ရေးကို ရှေးရှုပါသည်။

Delivering a world where every pregnancy is wanted, every childbirth is safe and every young person's potential is fulfilled



myanmar.unfpa.org

facebook.com/UNFPAmmr

twitter.com/UNFPAmmr

UNFPA

The United Nations sexual and reproductive health agency

## ကျား-မ အခြေပြု အကြမ်းဖက်မှု ဆိုတာဘာလဲ။

- အမျိုးသမီးတွေနဲ့ မိန်းကလေးငယ်တွေအပေါ် အကြမ်းဖက်မှုကို လိင်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ခံစားမှုပိုင်းဆိုင်ရာနဲ့ စီးပွားရေးဆိုင်ရာ အကြမ်းဖက်မှု စတဲ့ အသွင်သဏ္ဍာန်မျိုးစုံနဲ့ တွေ့မြင်နိုင်ပါတယ်။ ဥပမာ - အိမ်တွင်းအကြမ်းဖက်မှု၊ မုဒိန်းမှု၊ အလိုမတူဘဲ လိင်ဆက်ဆံမှု၊ ခြိမ်းခြောက်မှု၊ ကာယိန္ဒြေနောက်ယှက်မှု နဲ့ လူကုန်ကူးခံရမှုတွေပဲဖြစ်ပါတယ်။

- ရံဖန်ရံခါ အမျိုးသမီးနဲ့ မိန်းကလေးငယ်တွေအပေါ် အကြမ်းဖက် ကျူးလွန်သူတွေကိုယ်တိုင်က သူမရဲ့ ခင်ပွန်း၊ ဆွေမျိုးသားချင်း၊ ဆရာ/ဆရာမ နှင့် အပေါင်းအဖော်တွေ ဖြစ်နေတတ်ပါတယ်။

- ကျား-မအခြေပြု အကြမ်းဖက်မှုဖြစ်ပွားရခြင်းရဲ့ နောက်ကွယ်က အကြောင်းတရားကတော့ ကျား-မတန်းတူညီမျှမှု မရှိလို့ပါဘဲ။

- အမျိုးသမီးများ အကြမ်းဖက်ခံနေရခြင်းအပေါ် ရိုးရာယဉ်ကျေးမှု ထုံတမ်းအစဉ်အလာနှင့် ချိန်ထိုးပြီး မှန်ကန်၊ တရားမျှတကြောင်း ပြလို့မရပါဘူး။

## အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အကြမ်းဖက်ခံရခြင်းသည် လူမသိ သူမသိဖြစ်ပွားနေသော အရေးပေါ်ဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်သည်။

- ကမ္ဘာအနှံ့အပြားတွင် အမျိုးသမီး ၃ ဦးလျှင် ၁ ဦးမှာ အကြမ်းဖက်ခံနေရလျှက်ရှိပါတယ်။

- အိမ်တွင်းအကြမ်းဖက်မှုကို ထုတ်ဖော်ပြောဆိုဖို့ မလွယ်ကူပါဘူး။ အမျိုးသမီး အများစုက လူမသိ သူမသိ တိတ်တဆိတ် အကြမ်းဖက်ခံနေရဆဲပါ။ သင်လည်း အကြမ်းဖက်ခံနေရသူထဲက တစ်ယောက်ဖြစ်နေပါသလား။ သင် တစ်ယောက်တည်း မဟုတ်ပါ။

- တရားမျှတမှု နဲ့ အကူအညီရယူဖို့ ရှက်ရွံ့စိုးရိမ်ကြတဲ့အတွက် အမျိုးသမီးအများစုဟာ ကျား-မ အခြေပြု အကြမ်းဖက်မှု ဖြစ်ရပ် အတော်များများကို သက်ဆိုင်ရာဌာနသို့ သွားရောက် တိုင်တန်းခြင်း မပြုကြပါဘူး။

## ကျား-မအခြေပြု အကြမ်းဖက်ခံရမှု၏ နောက်ဆက်တွဲ အကျိုးဆက်များ

- လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုက အမျိုးသမီးများရဲ့ ကျန်းမာရေးကို အကြီးအကျယ် ထိခိုက်နစ်နာစေပါတယ်။ အကြမ်းဖက်မှုကြောင့် အမျိုးသမီးတွေ လိင်မှတစ်ဆင့် ကူးဆက်တဲ့ ရောဂါရရှိနိုင်တယ်။ မလိုလားတဲ့ ကိုယ်ဝန်ဆောင်ရခြင်းနဲ့ အသက်အန္တရာယ်ကို ထိခိုက်စေနိုင်တဲ့ ကိုယ်ဝန်ဖျက်ချခြင်းတွေပါ ဖြစ်စေပါတယ်။

- အကြမ်းဖက်မှုက အမျိုးသမီးတွေရဲ့ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားမှုကို ဖြစ်စေနိုင်ပြီး အချို့ အဆိုးရွားဆုံးအခြေအနေတွေမှာ အသက်သေဆုံးသည်အထိ ဖြစ်စေနိုင်ပါတယ်။

- အကြမ်းဖက်မှုက အမျိုးသမီးများရဲ့ စိတ်ပိုင်းဆိုင်ရာကို ကြီးကြီးမားမား အနာတရ ဖြစ်စေပြီး ပကတိအတိုင်း ပြန်လည်ကောင်းမွန်လာဖို့ နှစ်ကာလများစွာ အချိန်ယူ ကုစားရပါတယ်။

## အမျိုးသားများလည်း အမျိုးသမီးများနဲ့အတူ ရပ်တည်ပေးရပါမယ်။

- အမျိုးသမီးတွေနဲ့ မိန်းကလေးငယ်တွေ အကြမ်းဖက်ခံရမှုမှ ကင်းဝေးနိုင်အောင် သူတို့တွေရဲ့ ဖခင်တွေ၊ ခင်ပွန်းတွေ၊ ဦးလေးတွေ၊ အစ်ကိုတွေ နဲ့ မောင်လေးတွေကိုယ်တိုင် ပါဝင်လုပ်ဆောင်ရပါမယ်။

- အမျိုးသမီးနဲ့ မိန်းကလေးငယ်တွေနဲ့အတူ အမျိုးသားနဲ့ ယောကျာ်းလေးတွေ အတူတကွ ပူးပေါင်းပါဝင်လုပ်ဆောင်မှသာ ကျား-မ အခြေပြုအကြမ်းဖက်မှုကို ထိထိရောက်ရောက် တွန်းလှန်နိုင်မှာဖြစ်ပါတယ်။

